ဒေသတွင်းစီးပွား

# မြန်မာ့စီးပွားရေးအပေါ် မူဝါဒဆိုင်ရာသုံးသပ်ချက်

Bangkok Research Center (IDE-JETRO)




## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းဆိုင်ရာ ဗီယက်နမ်နိုင်ငံ အတွေ့အကြုံ

# မြန်မာနိုင်ငံအတွက် ရိုက်ခတ်မှုများ

By Tri Thanh VO and Anh Duong NGUYEN

၁၉၇၅ ခုနှစ် အမျိုးသားပေါင်းစည်းသည့် အချိန်အခါမှစတင်၍ တစ်သီးတစ်ခြားကွဲပြားသည့် မိုက်ခရိုပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်အလိုက် ဆောင်ရွက်ခဲ့သော်လည်း ဗီယက်နမ်နိုင်ငံမှာ ၁၉၈၆ ခုနှစ်တိုင်အောင် ကြီးမားသော စီးပွားရေး အခက်အခဲများကို တွေ့ကြုံခံစားခဲ့ရပါသည်။

ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစီမံကိန်းစနစ်က ဆုတ်ယုတ်မှုကိုဖြစ်စေသော စီးပွားရေးမက်လုံးများ ကင်းမဲ့ခြင်းကို ဖြစ်ပေါ်လာစေပါသည်။ ၁၉၈၅ ခုနှစ်အတွင်း ဈေးနှုန်း-လုပ်ခ-ငွေကြေး ပြုပြင်ပြောင်းလဲမှုများက ကြီးစွာသော ဆုံးရှုံးမှုများထက်ပို၍ ဖြစ်ပေါ်မလာပါ။ အလွန်အမင်းချို့တဲ့မှုများနှင့် အလွန်မြင့်မားသည့် ငွေကြေးဖောင်းပွမှုနှုန်းများ အပါအဝင် ရှည်ကြာသည့် လူမှုရေးနှင့်စီးပွားရေး ခက်ခဲမှုမှာ ပိုမိုပြတ်သားပြီး ကျယ်ပြန့်သည့် အမျိုးသားစီးပွားရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို လိုအပ်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဗီယက်နမ်နိုင်ငံသည် Doi Moi (ပြုပြင်သစ်လွင်ခြင်း) ကို ၁၉၈၆ ခုနှစ်တွင် စီးပွားရေးအယူအဆဆိုင်ရာ အရေးကြီးသည့် ပြောင်းလဲမှုများနှင့် စတင်ခဲ့ပါသည်။ ဈေးကွက်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ပိုင်ဆိုင်မှုပုံစံမျိုးစုံကို အသိအမှတ်ပြုပြီး အားပေးအားမြှောက်ပြုခဲ့ပါသည်။ ထို့ပြင် Micro အဆင့်တွင် ပြောင်းလွယ်ပြင်လွယ် ဆောင်ရွက်မှုမျိုးအား လွယ်ကူမှုရှိလာစေရန် ဒေသအဆင့်ကုန်သွယ်ရေး အတားအဆီးများကို ဖယ်ရှားခြင်းဖြင့် အများ ပြည်သူ မည်သူမဆို ဝင်ရောက်ရောင်းဝယ်နိုင်သည့် ဈေးကွက်ကို နိုင်ငံတော်အစိုးရက ကြိုးစားတည်ထောင်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် ဒေသဆိုင်ရာနှင့် ကမ္ဘာ့စီးပွားရေးတွင် ပါဝင်ပူးပေါင်းမှု အခြေအနေ ကြိုတင်ဖန်တီးခြင်းကို လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အရေးကြီးသော မဏ္ဍိုင်တစ်ရပ်အဖြစ် မြင်တွေ့ပြီး တံခါးဖွင့် မူဝါဒကို ချမှတ်ခဲ့ပါသည်။

> “ အလွန်အမင်းချို့တဲ့မှုများနှင့် အလွန်မြင့်မားသည့် ငွေကြေးဖောင်းပွမှုနှုန်းများ အပါအဝင် ရှည်ကြာသည့် လူမှုရေးနှင့်စီးပွားရေး ခက်ခဲမှုမှာ ပိုမိုပြတ်သားပြီး ကျယ်ပြန့်သည့် အမျိုးသားစီးပွားရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို လိုအပ်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ . . . . . ”

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်လာမှုများအား ဆွဲဆောင်နိုင်ရန် များပြားသည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး FDI ဆွဲဆောင်မှုအတွက် ဥပဒေဆိုင်ရာ မူဘောင်တစ်ရပ်ကို ဗီယက်နမ်နိုင်ငံတွင် ဖန်တီးခဲ့ပါသည်။ ၎င်းအပြင် ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများ များပြားစွာ ပေါ်ပေါက်လာစေရေးအတွက် တဖြည်းဖြည်းချင်း နိုင်ငံခြား ကုန်သွယ်မှုအပေါ် ထားရှိသည့် တားမြစ်ချက်များ၊ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အတွက် စည်းကမ်း သတ်မှတ်ချက်များ၊ မြေယာအသုံးပြုခွင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား ငွေကြေးနှင့် အခွန်ကောက်ခံမှု စသည်တို့တွင် ဖြေလျှော့ပေးပါသည်။

သို့သော် ဗီယက်နမ်နိုင်ငံ၏ FDI မူဝါဒဆိုင်ရာ တိုးတက်မှုများမှာ အလိုက်သင့် တိုးတက်လာခြင်း မရှိပါ။ အကျိုးဆက်အနေဖြင့် ၁၉၈၈-၂၀၀၉ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံအတွင်း FDI စီးဝင်မှုများ၏ ကွဲပြားခြားနားသည့် အခြေအနေများကို တွေ့မြင်ရပါသည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံအတွင်းစီးဝင်သည့် FDI မှာ အသစ်ခွင့်ပြု မှတ်ပုံတင်သည့် အရင်းအနှီးလုပ်ငန်း စီမံကိန်း အရေအတွက်များနှင့် အကောင်အထည်ဖော်သည့် ငွေပင်ငွေရင်းများအရ အဆက်မပြတ်နှင့် မှန်မှန် မြင့်တက်ခဲ့ပါသည်။ မြင့်တက်ခဲ့ရသည့် အဓိက အကြောင်းရင်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ကြီးမားသော အလားအလာရှိသည့် အသစ်ဖြစ်သော စီးပွားရေး ဖွင့်ပေးလာမှုအပေါ် မျှော်လင့်ချက်များထားရှိမှုနှင့် များပြားသည့် သွင်းကုန်ထိန်းချုပ်မှုရှိသည့် စျေးကွက်ကို ထိုးဖောက်ဝင်ရောက်ရန် ၎င်းတို့ ကိုယ်တိုင်ကြိုးပမ်းမှုများ ဖြစ်ပါသည်။ အခြားဒေသတွင်း ရင်းနှီးမြှုပ်နှံရာ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်မှာ ဆွဲဆောင်နိုင်ရန်အားနည်းခြင်းနှင့် အာရှဘဏ္ဍာရေး အကျပ်အတည်းကြောင့် ၁၉၉၇-၂၀၀၂ ခုနှစ်များအတွင်း ဗီယက်နမ်နိုင်ငံသို့ FDI စီးဝင်မှုများ အတိုးအဆုတ်မရှိဘဲ တန့်နေပါသည်။ ၂၀၀၃ ခုနှစ် မှစတင်၍ ဗီယက်နမ်နိုင်ငံသို့ FDI စီးဝင်မှုများ ပြန်လည် တိုးတက်လာပါသည်။ အကြောင်းရင်းမှာ ယခင် အစိုးရ လက်ဝါးကြီးအုပ် လုပ်ငန်းအချို့တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

> ယခင် အစိုးရ လက်ဝါးကြီးအုပ် လုပ်ငန်းအချို့တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

အဓိကအားဖြင့် ၂၀၀၇ ခုနှစ်တွင် WTO သို့ ဝင်ခွင့်ရရှိခြင်းက ဗီယက်နမ်နိုင်ငံ၏ တိုးတက်မှု ရှေ့အလားအလာကို ပိုမိုကောင်းမွန်စေပြီး FDI စီးဝင်မှုများကို ပိုမိုလျင်မြန်စွာ မြင့်တက်လာစေပါသည်။ ၂၀၀၈ ခုနှစ်တွင် FDI စီးဝင်မှုများ အမြင့်ဆုံး ရောက်ရှိပြီး ယင်းနှစ်တွင် အသစ် မှတ်ပုံတင် စီမံကိန်းလုပ်ငန်းများမှာ ၁,၅၀၀ ရှိ၍ အသစ်မှတ်ပုံတင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၇၁.၇ ဘီလီယံ ရှိပါသည်။ အကောင်အထည်ဖော်သည့် ရင်းနှီးမြှုပ်နှံမှုမှာ တည်ငြိမ်ပြီး အမေရိကန်ဒေါ်လာ ၁၀-၁၁ ဘီလီယံရှိသော်လည်း မကြာသောနှစ်များတွင် ရင်းနှီးမြှုပ်နှံစီးဝင်မှုများ သိသိသာသာ ယုတ်လျော့ ကျဆင်းခဲ့ပါသည်။ အဓိက အကြောင်းမှာ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း၊ စီးပွားရေး ကျဆင်းမှုနှင့် ဗီယက်နမ်နိုင်ငံ၏ တိုးတက်မှု ရှေ့အလားအလာနှင့် မူဝါဒ ခန့်မှန်းမှုအပေါ် သံသယများ ရှိလာခြင်းတို့ကြောင့် ဖြစ်သည်။

FDI ရရှိမှုမှာ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအပေါ် အရေးကြီးပြီး တိုးတက်စေသည့် အကျိုးသက်ရောက်မှုများကို တိုက်ရိုက်နှင့် သွယ်ဝိုက်သော လမ်းကြောင်းများမှ တစ်ဆင့် ဖြစ်ပေါ်စေပါသည်။ အခြားတစ်ဖက်တွင် FDI က ကြီးမားသော အလုပ်သမားထုအတွက် အလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးပြီး ပြည်တွင်း စားသုံးမှုနှင့် နိုင်ငံခြား တင်ပို့မှုတို့အတွက် ကုန်ထုတ်လုပ်မှု စွမ်းရည်ကို မြင့်တက်စေကာ ထပ်ဆင့်တိုးတန်ဖိုးနှင့် စီးပွားရေး တိုးတက်မှုကို ဖြစ်ပေါ်လာစေပါသည်။ အခြားတစ်ဖက်တွင်လည်း FDI သည် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအပေါ် ပျံ့နှံ့သွားသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေခြင်းကြောင့် အကျိုးဖြစ်ထွန်းပါသည်။ ပြည်တွင်း စီးပွားရေး လုပ်ငန်းများ၏ ထုတ်လုပ်မှု စွမ်းရည်တိုးတက်ကောင်းမွန်ပြီး ပိုမိုမြင့်မားသည့် ပို့ကုန်တိုးနှုန်း ရရှိလာပါသည်။ ဥပမာအားဖြင့် FDI ရရှိခြင်းကြောင့် အထည်အဝတ်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိ ပြည်တွင်း ပုဂ္ဂလိကပိုင် လုပ်ငန်းများ၏ လုပ်သားကုန်ထုတ်လုပ်မှု စွမ်းရည် မြင့်တက်လာပါသည်။ သို့ဖြစ်ပါ၍ FDI က ပြည်တွင်းအရင်းအနှီးကို အစားထိုး နေရာယူခြင်းထက် တန်ဖိုးရှိသည့် အရင်းအနှီးထပ်ဆောင်းပေးသော ဇာစ်မြစ်တစ်ခု ဖြစ်လာပါသည်။

အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံနှစ်နိုင်ငံဖြစ်သည့်နှင့်အညီ မြန်မာနိုင်ငံနှင့် ဗီယမ်နမ်နိုင်ငံအတွင်း ဖွံ့ဖြိုးမှု အလားအလာ အပါအဝင် တူညီချက်များ ရှိပါသည်။ အလွန်အမင်း ချို့တဲ့မှုများနှင့် စီးပွားရေး ပိတ်ဆို့မှုများအောက် နှစ်ပေါင်းများစွာ ကြာရှည်လာပြီး မြန်မာနိုင်ငံမှာ မကြာသေးသော အချိန်ကာလ အခြေခံနိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် စီမံခန့်ခွဲမှု အသိပညာ အပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ အရင်းအမြစ်များချို့တဲ့မှုက မြန်မာနိုင်ငံကို ဒေသတွင်း စီးဝင်လာသည့် FDI အတွက် ယှဉ်ပြိုင်မှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် တွန်းပို့ဟန်တူပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စောလျင်စွာ စိတ်ဝင်စားမှုပြသပြီး ၂၀၁၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်းပြည်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အမေရိကန်ဒေါ်လာ ၂၄.၄ ဘီလီယံ ရှိပါသည်။ သို့သော် နိမ့်ကျသော ဖွံ့ဖြိုးမှုအဆင့်မှ ကူးပြောင်းမှုက မြန်မာနိုင်ငံအား ဒေသတွင်း နိုင်ငံများ၏ အတွေ့အကြုံများ၊ အထူးသဖြင့် FDI ဆွဲဆောင်သည့် ၎င်းတို့ စောစောပိုင်း စတင်ခဲ့သော စက်မှုလက်မှု ထူထောင်ခြင်း အတွေ့အကြုံများမှ သင်ယူလေ့လာရန် အထူးလိုအပ်စေပါသည်။ FDI မူဝါဒ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံအတွက် လွန်ခဲ့သော ဆယ်စုနှစ်များ

တွင် ဗီယက်နမ်နိုင်ငံ၏ FDI ဆွဲဆောင်သည့် အတွေ့အကြုံက ဂယက်ရိုက်ခတ်မှုများ ရှိပါသည်။ ပထမဦးစွာ မြန်မာနိုင်ငံက FDI တိုးမြင့်လာရေးအတွက် သင့်လျော်သည့် အယူအဆ သဘောတရား တစ်ရပ်ရှိရန် လိုအပ်ပါသည်။ FDI က မြန်မာနိုင်ငံ၏ အစကနဦး အဆင့်တွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာလိုအပ်သည့် အရင်းအနှီးအတွက် ကောင်းမွန်သည့် ဇာစ်မြစ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း ပိုမိုအရေးကြီးသည့် အချက်များမှာ နည်းပညာလွှဲပြောင်းပေးမှု ၎င်းအပြင် အရင်းအနှီးစီးဝင်မှုနှင့် အတူပါဝင်လာသော ပျံ့နှံ့လာသည့် ဖွံ့ဖြိုးမှု အကျိုးသက်ရောက်မှုများပင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာသည့် ပမာဏ တစ်ခုတည်းသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ပါဝင်လာသည့် အကျိုးအမြတ်များကို ကောင်းမွန်စွာ အလေးထား ဂရုပြုသင့်ပါသည်။

ဒုတိယအချက်အနေဖြင့် FDI မူဝါဒမှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော မူဘောင်ထဲ၌ အံဝင်ခွင်ကျဖြစ်ရမည်။ မြန်မာနိုင်ငံ၏ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဖွဲ့စည်းမှု၏ ယှဉ်ပြိုင်စွမ်း အခွင့်သာမှုအပေါ် အခြေခံပါက FDI အကျိုးအမြတ်မှာ ပိုမိုမြင့်မားမည် ဖြစ်သည်။ နိုင်ငံခြား စီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် စီးပွားရေးဝန်းကျင်ကို ပိုမိုဆီလျော်ကောင်းမွန်စေရန် တိုးတက်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံလိုသည့် FDI စီးဝင်မှုများမှာ လုပ်ငန်းများအတွက် အခြေခံ အထောက်အကူပြုမှုများပါက ထိရောက်စွာ အကောင်အထည်ပေါ်လာမည် မဟုတ်ပါ။ အထူးသဖြင့် လုပ်သားကျွမ်းကျင်မှုနှင့် အပျော့ထည်နှင့် အမာထည် အခြေခံအဆောက်အအုံများ စသည့် အထောက်အကူအခြေခံများ ဖြစ်ပါသည်။ အလုပ်သမားများအတွက် နည်းပညာဆိုင်ရာ သင်တန်းပို့ချခြင်း၊ အခြေခံအဆောက်အအုံစနစ် ဖွံ့ဖြိုးလာစေရန် ချက်ခြင်းလက်ငင်းကြိုးပမ်း အားထုတ်မှုများမှာ FDI မူဝါဒနှင့် ညီညွတ်သင့်ပါသည်။ အထူးသဖြင့် FDI အတွက် အလားအလာ ကောင်းမွန်သည့် လုပ်ငန်းများနှင့် ဆက်သွယ်နေသည့် နယ်ပယ်များတွင် ဖြစ်ပါသည်။

တတိယအချက်အနေဖြင့် မြန်မာနိုင်ငံက FDI သို့ ချဉ်းကပ်ပုံနည်းတွင် အလျင်စလို မဟုတ်ဘဲ ဖြည်းဖြည်းဆေးဆေးနှင့် ရွေးချယ်ဆောင်ရွက်မှုတို့ကို ပေါင်းစပ်ပေးရန် လိုပါသည်။ FDI မူဝါဒသည် ပြုပြင်ပြောင်းလဲမှု အလုံးစုံ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့်အတိုင်း ဆီလျော်မှုနှင့် ထိရောက်မှုကို အာမခံနိုင်ရန် အခြားသော အထောက်အကူပြု မူဝါဒများကို အကောင်အထည်ဖော်ရန် ခွင့်ပြုကာ ညင်သာသော ထိန်းညှိမှုများမှတစ်ဆင့် ဆောင်ရွက်သင့်သည်။ ထို့အပြင် ကြီးမားကျယ်ပြန့်သော ကဏ္ဍများ၊ နယ်ပယ်များသို့ FDI စီးဝင်မှုများကို ဆွဲဆောင်ရာ၌ မြန်မာနိုင်ငံ၏ ရည်မှန်းချက်များအတွက် ၎င်းတို့၏ ပါဝင်ပံ့ပိုးနိုင်မှုကို ဂရုမပြုဘဲ ဆောင်ရွက်ပါက တိုင်းပြည်အတွက် ဆိုးရွားသော အကျိုးဆက်များ ကျန်ရစ်စေနိုင်သည်။ ယင်းဆိုးရွားသော အကျိုးအဆက်များတွင် သယံဇာတများ၏ အကျိုးမဲ့မှုနှင့် FDI အသုံးပြုနိုင်ခြင်း နိမ့်ကျမှုတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံအတွက် ဖြစ်နိုင်သော ချဉ်းကပ်မှုမှာ ခိုင်မြဲသော ယှဉ်ပြိုင်နိုင်စွမ်း အခွင့်သာမှုရှိသည့် ကဏ္ဍများ၊ နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်းဖြင့် စတင်ရန် ဖြစ်သည်။ ၎င်းအပြင် လုပ်ငန်းရှေ့နောက် စဉ်ဆက် နီးကပ်စွာ ဆက်စပ်မှု ရှိသည့် ကဏ္ဍများ/နယ်ပယ်များတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရင်းနှီးမြှုပ်နှံခြင်းဖြင့် စတင်ရန် ဖြစ်သည်။ ယင်းကဲ့သို့ စတင်ပြီးနောက် ဆီလျော်သည့် မက်လုံးများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံအတွက် ပြောင်းလဲရွေ့လျားသည့် ယှဉ်ပြိုင်စွမ်း အခွင့်သာမှုများ ဖန်တီးနိုင်ရန် ဆွဲဆောင်စည်းရုံးသင့်ပါသည်။ ဤချဉ်းကပ်ပုံ လမ်းကြောင်းနှင့်အတူ အလားအလာ ရှိသည့် ရင်းနှီးမြှုပ်နှံသူများ အခြားသော ပါဝင်ပတ်သက်သူ အကျိုးရှင်အားလုံးတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းသည်လည်း အထူးပင် အရေးကြီးပါသည်။

**ဆီလျော်သည့် မက်လုံးများဖြင့်
နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို
မြန်မာနိုင်ငံအတွက်
ပြောင်းလဲရွေ့လျားသည့်
ယှဉ်ပြိုင်စွမ်း အခွင့်သာမှုများ
ဖန်တီး နိုင်ရန်
ဆွဲဆောင်စည်းရုံးသင့်ပါသည်။**

နောက်ဆုံးအချက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်း လည်ပတ်မှုများအတွက် ချမှတ်ထားသည့် မူဝါဒနှင့် စီးပွားရေးဝန်းကျင်မှာ အရေးပါသည့် အရာများဖြစ်သည့် တည်ငြိမ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် မှန်းဆနိုင်မှုတို့ပါဝင်မှ သာလျှင် FDI ဆွဲဆောင်မှုမှာ ရှင်သန်အောင်မြင်သည်။ မြန်မာနိုင်ငံတွင် လက်ရှိလုပ်ငန်း တည်ထောင်ဆောင်ရွက်နေသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက ကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် လုပ်ငန်းဆုံးဖြတ်ချက်များ ဆောင်ရွက်နိုင်ရန် တည်ငြိမ်သည့် ဝန်းကျင်ကို ပိုမိုလိုလားကြပါသည်။ မက်ခရို စီးပွားရေးတည်ငြိမ်မှု ထိန်းသိမ်းထားခြင်းက ယင်းကဲ့သို့ ဆုံးဖြတ်ချက်များကို အဓိက ထောက်ခံသင့်ပါသည်။ ယခုတွင် မူဝါဒများ၏ ရှောင်တခင်နှင့် မမျှော်လင့်သည့် အပြောင်းအလဲများ တစ်ခါတစ်ရံ မူလနှင့် ဆန့်ကျင်ဘက် ပြောင်းလဲမှုမှာ ပြန်လည်မရနိုင်သော ထိန်းညှိမှု ကုန်ကျစရိတ်များဖြင့် ယခင်က လုပ်ငန်းများ၏ ကြိုးပမ်းအားထုတ်မှုများကို အရာမထင် ဖြစ်စေသည့်နှင့်အညီ ထိခိုက်ဆုံးရှုံးမှုကို ဖြစ်ပေါ်လာစေပါသည်။ ဤမူဝါဒ အပြောင်းအလဲများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆက်စပ်သည့် မူဝါဒများလည်း ပါဝင်ပါသည်။ ဗီယက်နမ်နိုင်ငံ၏ မော်တော်ယာဉ် စက်မှုလက်မှုလုပ်ငန်းမှ ရရှိသည့် တန်ဖိုးကြီးသော အတွေ့အကြုံက မည်သည့်အတွက်ကြောင့် ဤကဲ့သို့ အပြောင်းအလဲများကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သင့်ကြောင်း ဥပမာကောင်းတစ်ခု ပေးပါသည်။ ဤအခြေအနေတွင် နိုင်ငံခြားမှ လာရောက်လုပ်ကိုင်သည့် လုပ်ငန်းများ တည်ရှိနေသည်ကို အသိအမှတ်ပြု၍ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများအတွက် တည်ငြိမ်မှုနှင့် မှန်းဆနိုင်မှုကို တိုးတက်မြင့်မားစေရန် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လက်တွေ့ကျကျ အကောင်အထည်ဖော်မှုကို ထိရောက်စွာ စတင်သင့်ပါသည်။

ဝန်ခံချက် ။ Tri Thanh Vo နှင့် Anh Duong NGUYEN တို့၏ Vietnam's Experience with FDI Promotion: Implications for Myanmar ကို ဦးဝင်းကြည်က ဆီလျော်စွာ ဘာသာပြန်ဆို ဖော်ပြပါသည်။